# ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု၏လူမှုမီဒီယာမူဝါဒ

ပါရမီအနေဖြင့် လူ့ဂုဏ်သိက္ခာ၊ ထူးချွန်မှုနှင့် ပညာရှင်ပီသမှုတို့ကို ကိုယ်စားပြုသော တန်ဖိုးနှင့် ယုံကြည်မှုစသည်တို့ကို လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ဤလူမှုမီဒီယာ မူဝါဒသည် ဝန်ထမ်းများအနေဖြင့် ကုမ္ပဏီနှင့်ပတ်သက်ပြီး လူမှုမီဒီယာနှင့် အင်တာနက်တွင် ဖော်ပြမှုများနှင့် သက်ဆိုင်ပြီး ဝန်ထမ်းကျင့်ဝတ်တွင်ဖော်ပြထားသော လမ်းညွှန်မှုများနှင့် ဆက်စပ်သည်။ ဤမူဝါဒ သည် အလုပ်၏တစိတ်တဒေသအနေဖြင့်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ပုဂ္ဂိုလ်ရေး ကိစ္စရပ် များကို ဖော်ပြမှုများနှင့်လည်းကောင်း ဆက်စပ်အကျုံးဝင်သည်။

**နိဒါန်း**

၁။ ဝန်ထမ်းများသည် ဖောက်သည်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ အစုရှယ်ယာဝင်များနှင့် ဆက်ဆရာတွင်မျှတမှု၊ သင့်တင်လျောက်ပတ်သော ယဉ်ကျေးမှု၊ စဉ်းစားဆင်ခြင်မှုနှင့် နူးညံ့ သိမ်မွေ့မှုရှိသော အလေ့အထများဖြင့် ဆက်ဆံဆောင်ရွက်ရမည်။

၂။ ဝန်ထမ်း များသည် မိမိအား ခနအပ်မှုမှတဆင့် ရရှိသော မည်သည့်လျှို့ဝှက်ချက် (သို့မဟုတ်) ကိုယ်ရေးကိုယ်တာသတင်း အချက်အလက်များကိုမဆို တတိယ ပုဂ္ဂိုလ်အား ထုတ်ဖော်ပြောကြားခြင်း မပြုရ။ ကုမ္ပဏီ စီမံခန့်ခွဲမှုနှင့် အခြားသော ဝန်ထမ်းများ အခြေခံအားဖြင့်သိရန် လိုအပ်မှသာလျှင် ယင်းလျှို့ဝှက်ချက်(သို့မဟုတ်) ကိုယ်ရေးကိုယ်တာသတင်းအချက်အလက်များကိုဖြန့်ဝေအသိပေး ရမည်ဖြစ်ပါသည်။

၃။ ဤလမ်းညွှန်မှုများသည် ပုဂ္ဂိုလ်ရေးရာလွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်ခြင်း မဟုတ်ဘဲ ကုမ္ပဏီ၏လုပ်ငန်း အကျိုးစီးပွားနှင့်တကွ ဝန်ထမ်းများ၏ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို ထိန်းသိမ်းရန်ဆိုလို ခြင်းသာ ဖြစ်သည်။

၄။ ဤမူဝါဒသည် ကုမ္ပဏီဝန်ထမ်း ကျင့်ဝတ်စည်းမျဉ်းနှင့် ဆက်သွယ်ရေးမူဝါဒ တို့နှင့် ဆက်စပ်နေသည့်အတွက်ကြောင့် အရေးပါသည့်အချက်များကို ထပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဤမူဝါဒကို ဝန်ထမ်းအားလုံး၊ အရာရှိများ၊ ကုမ္ပဏီ

ဒါရိုက်တာများနှင့် ကုမ္ပဏီအခွဲ (သို့မဟုတ်) ဆက်စပ်သည့် လက်အောက်ခံကုမ္ပဏီများ အားလုံး လိုက်နာရမည်ဖြစ်ပါသည်။

**လူမှုမီဒီယာ**။ လူမှုမီဒီယာသည် ဆက်သွယ်ရေးလမ်းကြောင်းတွင် အဓိက အရေးပါသည်က ပါရမီ၏ အကြီးတန်းစီမံခန့်ခွဲရေးအဖွဲ့မှ လက်ခံသည်။ ပုဂ္ဂလိရေးအမြင်ဖြင့် ပြုလုပ်နေစဉ်အတွင်း ကုမ္ပဏီ၏အစီအစဉ်နှင့်ဆက်စပ်မှုရှိလာသည့်အချိန်တွင် ပညာရှင်ဆန်သော လမ်းညွှန်မှုများကိုလည်း လိုက်နာရန် လိုအပ်သည်။ လူမှုမီဒီယာဟုဆိုရာတွင် ဖေ့ဘွတ်၊ တွစ်တာ၊ ဘလော့၊ ဗိုက်ဗာနှင့် လင့်ခ်အင် အစရှိသည်တို့ ပါဝင်သော်လည်း ကန့်သတ်ထားခြင်းမရှိပေ။

(၁)ကုမ္ပဏီအနေဖြင့် ပါရမီ၏လက်ရှိ၊ အလားအလာနှင့် အနာဂတ်စီးပွားရေး အစီအစဉ်များကို လူမှုမီဒီယာတွင် တရားဝင်သတင်းမထုတ်ပြန်မီ သို့မဟုတ် သတင်းမဖော်ပြထားမီအချိန်တွင် ဝန်ထမ်းများအနေဖြင့် ယင်းသတင်းကို မဖော်ပြမီ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

(၂)ပါရမီဝန်ထမ်းများအနေဖြင့်အရှိအသေတန်သောကိစ္စရပ်များ (ဥပမာအားဖြင့် လူမျိုးရေး၊ ယဉ်ကျေးမှု၊ တိုင်းရင်းသားလူနည်းစု၊ လိင်ပိုင်းဆိုင်ရာ၊ ဘာသာရေး)ကို လူမှုမီဒီယာမှတဆင့် ဖော်ပြခြင်းကို လက်မခံပေ။

(၃)ဝန်ထမ်းများနေဖြင့် လုပ်ဖော်ကိုင်ဖက်များအပေါ် ညှာတာထောက်ထားမှုရှိရမည်ဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်တစ်ဦးအားအရှက်ရစေမည့်သို့မဟုတ် သူ/သူမ၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိခိုက်စေသည့် မည်သည့်အရာကိုမဆို ဖော်ပြခြင်းမျိုးကို ရှောင်ရှားရမည်။

(၄)ဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အတွင်းရေးလျှို့ဝှက်ချက်(အခန်း ၆) နှင့် ပါရမီဆက်သွယ်ရေးမူဝါဒတို့နှင့်ပတ်သက်သည့် ပါရမီဝန်ထမ်းကျင့်ဝတ် စည်းမျဉ်းစည်းကမ်းကို လိုက်နာရမည်။

အတည်ပြုသူ -

Pyi Wa Tun

CEO and Chairman

Parami Energy Group of Companies